# ၉။ သီးထိုးယင်

**Oriental fruit fly :** ***Bactrocera dorsalis*** **(Hendel, 1912)**

**Diptera: Tephritidae**

## ဖျက်ကောင်ပုံသဏ္ဍာန်များ



ကြည်လင်သော အတောင်များ အပေါ်အဖျားဘက်တွင် အရောင်ရင့်သော အစင်းပါရှိသည်။ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းကို သေးငယ်သော အညှာဖြင့် ဆက်ထားသည်။

## ဖျက်ဆီးပုံလက္ခဏာများ



သီးထိုးယင်အမသည် "ဥအုတံ"ဖြင့် သစ်သီးအခွံပေါ်မှထိုး၍ အသားထဲသို့ "ဥ" အုချပြီး အသီးထဲတွင် လောက်ကောင်ပေါက် ဆက်လက်စားသောက်သောကြောင့် အသီးမျက်နှာပြင်ပေါ် တွင် အစက်အပြောက်များဖြစ်ပေါ်နေပြီး ရေစိုနာပျော့ကွက်များနှင့် အတွင်းသား ပုပ်နေတတ် သည်။

## ဘဝစက်ဝန်း

ဥ အဆင့် **- (၁-၅ )** ရက်

လောက်ကောင် အဆင့် – **(၆–၁၇)** ရက်

ရုပ်ဖုံး အဆင့် – **(၁၂–၂၆)** ရက်

အကောင်ကြီး အဆင့် – **(၃)**လ

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အဝါရောင် ပိုးဖမ်းထောင်ချောက် များကို အသုံးပြု၍ အကောင်ကြီးများကို ဖမ်းယူဖျက်ဆီးပါ၊

(၂)သီးထိုးယင် ဆွဲဆောင် ဖီရိုမုန်း (Cue Lure) နှင့် ပိုးသတ်ဆေးအရောထောင်ချောက်များကို တစ်ကေလျှင် (၅–၁၀) ခုနှုန်း တပ်ဆင်ပြီး အထီးများကို ဖမ်းယူဖျက်ဆီးပါ။

(၃)စိုက်ခင်းထဲရှိ သီးထိုးယင် ပိုးကျအသီးများကို ကောက်ယူမြေမြှုပ်ဖျက်ဆီးပါ။

(၄)မြေကြီးထဲရှိ ပိုးရုပ်ဖုံးများကို ဖျက်ဆီးရန်အတွက် မြေကြီးကို ထွန်ယက်ခြင်း(သို့) ပိုးသတ်ဆေး ထည့်ခြင်း ဆောင်ရွက်ပါ။

(၆)ထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- ဒယ်တာမီသရင်(Deltamethrin)